အင်းကုန်းကျေးရွာ

အင်းကုန်းကျေးရွာအုပ်စု၊ မိုးညှင်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာအုပ် (၂၀၂၄ - ၂၀၂၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

အင်းကုန်းကျေးရွာ၊ မိုးညှင်းမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ

# မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

အင်းကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈**

(၁)နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဃ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁
(၈) ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၃၃**
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

**(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက်အခွင့်အလမ်းများ
ဇယား၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ
**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ ၆၇**
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
**နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ) ၆၉**
**ကိုးကားစာရင်း ၇၄**
အတိုကောက်စကားလုံးများ

AIDS ခုခံအားကျဆင်းမှုရောဂါ

| | |
|---|---|
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောပိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MCRD | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |
| CSOs | အရပ်ဖက်လူမှုအဖွဲ့အစည်းများ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၄ /၂၀၂၅ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၀၂၉ခုနှစ် အထိ(၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံး သောလူအများပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလကဖွံ့ဖြိုးရေးဝန်ကြီးဌာန ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူး ပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်းလူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်း ကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုး ပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက် အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာ များမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည်ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်း အစီ အစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တို့၏ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင် လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက် မှုအဆင့်ဆင့်တို့ကိုအဓိကဖော်ပြထားပါသည်။အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီးအဆိုပြုစီမံကိန်းလုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

စက်တင်ဘာလ၊ ၂၀၂၄

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

အင်းကုန်းကျေးရွာ

မိုးညှင်းမြို့နယ်

8

## အင်းကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှလိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊(၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်း ချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင် မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။ ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေး နှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အား ထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့်ကျေးရွာလူထု၏ လိုလား ချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက် များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက် ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိ လာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိ လာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများ ကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့ အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့်သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံ တကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်း များအနေဖြင့် ၎င်းတို့ အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ သို့မဟုတ် ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ် မူတည်၍နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ရွှေဘိုမြစ်ကြီးနားကားလမ်းပေါ်တွင် တည်ရှိပြီး ခရိုင်ရုံးစိုက်ရာ မိုးညှင်းမြို့နှင့် ဆက်သွယ်သွားလာရလွယ်ကူပါသည်။ကျေးရွာသည်မြေပြန့်ဒေသတွင် တည်ရှိပြီးအဓိကသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာစိုက်ပျိုးရေးနှင့်ဖြစ်ပြီး မွေးမြူရေးလုပ်ငန်းအနည်းငယ်လုပ်ကိုင်ကြသည်။ဒေသ၏ တစ်နှစ်ပျှမ်းမျှမိုးရေချိန် ၈၀ မှ ၁၀၀ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့်အထောက်ကူပြုလျှက်ရှိသည်။ ကျေးရွာ၏ အရှေ့နှင့် အနောက်တို့တွင် တောင်ကုန်း တောင်တန်းများတည်ရှိပြီးကျေးရွာဘေးတွင်အနောက်ဘက်တောင်တန်းများမှ အနောက်မှအရှေ့ဘက်သို့ စီးဆင်းလျှက်ရှိသောချောင်းငယ်မှာကျေးရွာစိုက်ပျိုးရေးအတွက်အဓိကအား ထားရလျှက်ရှိပြီးလယ်ယာမြေများတွင်စပါး၊ပဲစိုက်ပျိုးထုတ်လုပ်ရန်နှင့်သက်မွေးဝမ်းကျောင်းရန်တို့အတွက်အဓိကအားထားရာဖြစ်သည်။မြစ်နှင့်ချောင်းကြီးများမရှိသောကြောင့် ရေကြီးရေလွှမ်းမိုးဒဏ်များနှင့်သဘာဝဘေး အန္တရာယ်များကျရောက်ခဲ့ခြင်းမရှိပါ။

### (ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေ အသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့်ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတများဖြစ်သော သစ်၊ဝါးများနှင့်အခြားသယံဇာတများကိုကျေးရွာ၏အရှေ့နှင့်အနောက်ဘက်တွင်ရှိသော တောင်တန်း၊ သစ်တောများမှရရှိပါသည်။ တောင်သူ အများစုမှာ ချောင်းရေကို အဓိကအသုံးပြုလျှက်ရှိပြီး မိုးရေခံစိုက်ပျိုးသော လယ်ယာမြေများလည်းရှိသည်။ မြေအောက်ရေကို

ထုတ်ယူသုံးစွဲသေးခြင်းမရှိပါ။ ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက၈၇၂.၈၆ဧကရှိပြီး စပါး နှင့် မြေပဲ၊ပဲပုတ်တို့ကိုအဓိကစိုက်ပျိုးကြသည်။အခြားစိုက်ပျိုးမြေများဖြစ်သောတောင်ယာ(၁၀.၉၁) ဧကနှစ်ရှည်သီးနှံစိုက်ခင်း(၆)ဧက၊အိမ်ခြံစိုက်ခင်း(၁၀.၂)ဧကစိုက်ပျိုးလျှက်ရှိသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၂၀၀)စုနှင့် ကျား(၅၆၆)၊မ(၅၆၅)ဦးဖြင့် လူဦးရေပေါင်း (၁၁၃၁)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျှမ်းမျှ(၅.၆)ဦးနှုန်းရှိပြီး နိုင်ငံတော်၏တစ်အိမ်ထောင်ပျှမ်းမျှနှုန်းထက်ကျော်လွန်လျှက်ရှိသည်။ကျေးရွာတွင်ဗမာလူမျိုးအများဆုံးနေထိုင်ကြကာ အခြားတိုင်းရင်းသားအနည်းငယ်လည်းနေထိုင်လျှက်ရှိသည်။ လူဦးရေစုစုပေါင်း၏ (၆၈%)မှာ ကျေးရွာ၏ အလုပ်လုပ်နိုင်သော လူဦးရေဖြစ်ပြီး လူငယ်များကို အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရပ်များ သင်ကြားပေးခြင်းဖြင့် ဝင်ငွေတိုးတက်အောင် စွမ်းဆောင်နိုင်သည်။အလုပ်လုပ်နိုင်သော အရွယ်ရှိအမျိုးသမီး ဦးရေသည် အမျိုးသားဦးရေထက် ၂% မျှပိုများသည်။

### (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာ၏ အဓိကဝင်ငွေရ လုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေ အနေအထားမှာ သာမန်အားဖြင့် နည်းပါးလျှက်ရှိသည်။ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမီမှု၊ လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှုနှင့် ချောင်းရေသွင်းစိုက်ပျိုးနိုင်မှုတို့ကြောင့်ကျေးရွာ၏စီးပွားရေးအနေအထားမှာအသင့်အတင့်ကောင်းသည် ဟုပြောနိုင်ပါသည်။ ချမ်းသာသော အိမ်ထောင်စု၊ လယ်သမား၊ ဆန်စက်လုပ်ငန်းများ အပြင် အခြားလယ်သမား အိမ်ထောင်စုများမှာ လက်သမား၊ ဆန်ကြိတ်စက်နှင့် ပွင့်လင်းရာသီများတွင် နီးစပ်ရာ ကျောက်မှော်၊ရွှေမှော်များသို့ သွားရောက်လုပ်ကိုင်လျှက်ရှိကြသည်။ ကျေးရွာရှိ အစိုးရဝန်ထမ်းအချို့မှာလည်း ငွေရေးကြေးရေး အသင့်အတင့်အဆင်ပြေကြသည်။ မြေယာမဲ့လက်လုပ်လက်စားအများစုမှာ လယ်ယာလုပ်ငန်းများနှင့်အခြားလုပ်ငန်းများတွင် နေ့စားလုပ်သားများအဖြစ် လုပ်ကိုင်လျှက်ရှိကြသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စု ၂၈.၅%ရှိပြီး ရာသီလိုက်လယ်ယာလုပ်ငန်း ဈေးရောင်းခြင်းလုပ်ငန်း၊ ကျောက်မှော်၊ရွှေမှော်များတွင် နေ့စားလုပ်သားများ အဖြစ်ရှာဖွေလုပ်ကိုင်လျှက်ရှိကြသည်။ကျေးရွာမှဆင်းရဲနှင့်ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စု ၂၈.၅%ရှိပြီးရာသီလိုက် လယ်ယာ လုပ်ငန်းဈေးရောင်းခြင်းလုပ်ငန်း၊ ကျောက်မှော်၊

ရွှေမှော်များတွင်နေ့စားလုပ်သားများအဖြစ်ရှာဖွေလုပ်ကိုင်လျှက်ရှိကြသည်။ ကျေးရွာမှ ဆင်းရဲနှင့်အလွန်ဆင်းရဲသော အိမ်ထောင်စုများ၏ ၃၀%ဖြစ်သော(၃၂)စုကိုလေ့လာဆန်းစစ်မှုအရထိုအိမ်ထောင်စုများ၏၃%မှာသူတပါးထံမှချေးငှားပြီးနပ်မှန် စားသုံးနိုင်ကြောင်း၊ ၃.၅%မှာ သူတပါးထံ မှ မချေးငှားပဲ ၃ လမှ ၅လခန့်နှင့်၉.၅%မှာ ၆ လမှ ၁၂လခန့် သူတပါးထံမှ ချေးငှားစရာမလိုဘဲ နပ်မှန်အောင် စားသုံးနိုင်ကြောင်းတွေ့ရှိရသည်။ ကျေးရွာရှိလက်လုပ်၊လက်စားအများစုမှာလက်မှုပညာတတ်ကျွမ်းမှုနည်းပါးကြသဖြင့် စားဝတ်နေရေး အတွက်ရုန်းကန်နေကြရသည်။ကျေးရွာအတွက် ထိခိုက်လွယ်သော အကြောင်းမှာကျေးရွာရှိ လူငယ်များကြားတွင် မူးယစ်ဆေးဝါးသုံးစွဲမှုများပြားလျှက်ရှိသည်ကိုတွေ့ရသည်။ ရွာပြင်ပသို့သွားရောက်လုပ်ကိုင်ကြသည့် လူငယ် လူရွယ်များတွင် လိင်မှတဆင့်ကူးစက်တတ်သော ရောဂါများနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်တို့ရှိတတ်သည်။ ယခုနှစ်ပိုင်းတွင် မူးယစ်ဆေးဝါးသုံးစွဲမှုမြင့်တက်လာခြင်းနှင့် ဆက်စပ်ပြီး ဒုစရိုက်မှုများအရင်ထက်အဖြစ်များလာသည်ကိုတွေ့ရသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင်း ရွာသားအများစုသည် သာမာန်အားဖြင့် ကျန်းမာရေးကောင်းမွန်ပြီး အာဟာရ ပြည့်ဝမှုရှိကြသည်။ကလေးအများစုမှာလည်း ကျန်းမာကြသည်။ယခုနှစ်ပိုင်းတွင် B.C ပိုးအသည်းနှင့်ပါတ်သက်သော ရောဂါများဖြစ်ပွားလာသည်ကိုတွေ့ရသည်။ ကျေးရွာလူထုမှာ ကျန်းမာရေးအသိမြင်နည်းပါးကြသည်။ ကျေးရွာသားများသည် အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ရွာတွင်းကျေးလက်ကျန်းမာရေးဌာနခွဲ မှ ရရှိပြီး မြို့နယ်ကုတင်တစ်ရာ ဆေးရုံကြီးသို့သွားရောက်ရန် ၈ မိုင်ခန့်ဝေးကွာသဖြင့် လက်လှမ်းမီသည်။

ကျေးရွာတွင် ယင်လုံအိမ်သာများကို တစ်ရွာလုံးအတိုင်းတာဖြင့်အသုံးပြုလျှက်ရှိသောကြောင့်ဝမ်းပျက်၊ဝမ်းလျှောရောဂါများဖြစ်ပွားမှုနည်းပါးသည်။ကျေးရွာရှိကျေးလက်ကျန်းမာရေးဆေးပေးခန်းတွင်ဆေးဝါးနှင့်ကုတင်များလုံလောက်ခြင်း မရှိပါ။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ပညာရေးအဆင့်တန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရှိရသည်။ ရွာသားအများစုသည် အခြေခံအရေး၊အဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်အသင့်အတင့်များပြားသည်။ကျေးရွာတွင်အခြေခံပညာရေး ကိုရွာတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်းတွင်တက်ရောက်သင်ကြားနိုင်ကြသည်။ သက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုအနေဖြင့်နိမ့်ကျဆဲဖြစ်ပြီးလူငယ်၊လူရွယ်များအတွက် အလုပ်

အကိုင်အခွင့်အလမ်းများနည်းပါးဆဲဖြစ်ပါသည်။ကျေးရွာတွင်းရှိ အလယ်တန်းကျောင်းမှာ ကျောင်းသားအရေတွက်လုံလောက်စွာရှိသော်လည်းတွဲဖက် အထက်တန်းကျောင်း မရရှိသေးသဖြင့် စာတော်ပြီးဆင်းရဲသော မိသားစုများမှ ကျောင်းသားအများစုမှာ ပညာရေး အခွင့်အလမ်းများဆုံးရှုံးလျှက်ရှိသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာအနေထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရကောင်းစွာသတ်မှတ်ထားကြသည်။ကျေးရွာတွင်ကျားနှင့် မကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမာန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ်များတွင်အခွင့်ရေးတူညီစွာရရှိသည်ဟုသတ်မှတ်နိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သော ကိန်းကဏာန်းများတွင် မူလတန်းအဆင့်တွင် ယောက်ကျားလေး အရေအတွက်မှာမိန်းကလေးအရေအတွက်ထက်များပြားနေသည်ကိုတွေ့ရပြီး အလယ်တန်း အဆင့်တွင်လည်း မိန်းကလေးအရေတွက်သည်ယောက်ကျားလေး အရေတွက်ထက် ထက်ဝက်နီးပါးလျော့နည်းနေသည်ကိုတွေ့ရှိရသည်။အမျိုးသမီးများအတွက်ပညာသင်ယူရေးဆိုင်ရာအခွင့်ရေးမှာအမျိုးသားများနှင့်အတူတူပင်ဖြစ်သည်။ သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခ ဝင်ငွေမှာ အမျိုးသမီးများထက် အမျိုးသားများက လုပ်အားခ ပိုမိုရရှိကြသည်။ဥပမာအားဖြင့်လုပ်အားစိုက်ထုတ်ရသောအလုပ်အကိုင်ကွာခြားချက်ကြောင့် လုပ်အားခမှာလည်းကွာခြားလျှက်ရှိသည်။ရပ်ရွာလူမှုရေးကိစ္စများတွင် အမျိုးသမီးများ ပါဝင်မှုရှိသော်လည်း အုပ်ချုပ်ရေးကိစ္စများတွင် ပါဝင်မှုအလွန်နည်းပါးလျှက်ရှိသည်။ ကျား-မ တန်းတူညီမျှမှုနှင့် ပါတ်သက်၍ ဗဟုသုတအသိပညာပေးခြင်းများ မြှင့်တင် ဆောင်ရွက်ပေးခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှု တို့အတွက် ပိုမိုအထောက်ပံ့ဖြစ်နိုင်ပါသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၁)ဖွဲ့၊ဘာသာရေးဆိုင်ရာ(၁)ဖွဲ့ တို့ရှိသည်။ကျေးရွာလူထုမှ ဖွဲ့စည်းထားပြီး လှုပ်ရှားဆောင်ရွက်မှုအားနည်းသည်။စနစ်တကျဖွဲ့စည်းထားခြင်းအစည်းအဝေးမှတ်တမ်းများစာရင်းရှင်းမှုများမရှိပါ။ အဖွဲ့အစည်းများအားစနစ်တကျဖွဲ့စည်းခြင်း၊ မှတ်တမ်းများ၊စာရင်းရှင်းတမ်းများစနစ်တကျပြုလုပ်ရန် လိုအပ်လျှက်ရှိသည်။အဖွဲ့စည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ

လိုအပ်လျှက်ရှိသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးနှင့် မြေပဲ၊ပဲပုတ် တို့ကို အဓိကထားစိုက်ပျိုးကြသည်။မိုးစပါးစိုက်ဧက(၈၇၀)ရှိပြီး သီးထပ်အဖြစ် မြေပဲ၊ပဲပုတ် နှင့်နွေစပါး အနည်းငယ်ကို စိုက်ပျိုးကြပြီး အခြားလယ်ဧက အများစုမှာ ရေအခက်အခဲကြောင့် စိုက်ပျိုးနိုင်ခြင်းမရှိပါ။မိုးစပါး ပျှမ်းမျှအထွက်နှုန်းမှာ (၈၅)တင်း၊နွေစပါး(၆၀)တင်းနှင့်နွေစပါး(၁၀)ဧကနှင့်မြေပဲ၊ပဲပုတ်တို့ စိုက်ပျိုးရေးအတွက်ရွာအနီးရှိချောင်းမှ ရရှိသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာနှင့်ဝန်ဆောင်မှုမှာ အားနည်းလျှက်ရှိပြီး စိုက်ပျိုးရေးကုမ္ပဏီအချို့မှ တောင်သူများအတွက် ဝန်ဆောင်မှုပေးလျှက်ရှိသည်။တောင်သူလယ်သမားအများစုသည် လယ်ယာလုပ်ငန်းအတွက် အလုပ်သမားမလုံလောက်မှု ပြဿနာကိုရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုပေးမှအလုပ်သမားများကိုငှားရမ်းရရှိကာ တစ်နှစ်ထက်တစ်နှစ်မြှင့်တင်လျှက်ရှိသည်။ အဓိကပြဿနာများမှာ စိုက်ပျိုးရေးဆိုင်ရာဗဟုသုတနည်းပါးခြင်း၊စိုက်ပျိုးစရိတ်ကြီးမြှင့်ခြင်း၊ ဓါတ်မြေဩဇာ ဈေးနှုန်းကြီးမားခြင်း နှင့်စပါးဈေးကွက်မတည်ငြိမ်ခြင်းတို့ဖြစ်သည်။တခါတရံတွင်မိုးရွာသွန်းမှုမညီမျှခြင်းများ ရင်ဆိုင်ရတတ်သည်။ ၂၀၁၅ ခုနှစ်တွင် မိုးစပါးများတွင် ဖျက်ပိုးကျရောက်ခဲ့ ခြင်းကြောင့် ထွက်နှုန်းများကျဆင်းခဲ့ရသည်။ဓါတ်မြေဩဇာအလွန်အကျွံသုံးစွဲမှုများကြောင့် မြေဆီအရည်အသွေးများ ကျဆင်းလာလျှက်ရှိသည်။တောင်သူအများစုမှာ လယ်ယာလုပ်ငန်းတွက်ကျွဲ၊နွားများအသုံးပြုရန်ဈေးနှုန်းကြီးမားသောကြောင့်တရုတ်နိုင်ငံထုတ် လက်တွန်းထွန်စက်များကိုအစားထိုးသုံးစွဲလျှက်ရှိသည်။စပါး ရိတ်သိမ်းချိန်များတွင် အလုပ်သမားရှားပါးမှုနှင့်ရာသီဥတုဖောက်ပြန်မှုကြောင့်အပျက်စီးလျော့နည်းစေရန် ရိတ်သိမ်း ခြွေလှေ့စက်များကိုငှားရမ်းသုံးစွဲကြရသည်။လယ်ယာသုံးစက်ကရိယာများသုံးစွဲရာတွင် တရုတ်နိုင်ငံထုတ်ပစ္စည်းများကိုသာ သုံးစွဲနေရပြီး အရည်သွေးဆိုင်ရာ အားနည်းချက် များကြောင့် ရေရှည်သုံးစွဲရခြင်းမရှိပဲမကြာခဏပျက်စီးမှုများကြောင့်ပြုပြင်သုံးစွဲရာငွေကြေး ကုန်ကျစရိတ်များခြင်းများဖြစ်ပေါ်ပြီးထိုစက်ကိရိယာများ အစားတန်ဖိုးအသင့်အတင့် နှင့် ပိုမိုခိုင်ခံ့ပြီးအရည်သွေးကောင်းမွန်သော လယ်ယာသုံးစက်ကိရိယာများ သုံးစွဲနိုင်ရန် လိုလားလျှက်ရှိကြသည်။

ကျေးရွာတွင် ဝက်မွေးမြူသူ အိမ်ထောင်စုအရေတွက်မှာ တစ်ရွာလုံး၏ ၄၉% ဝန်းကျင်ရှိပြီး ဒေသဝက်မျိုးများကိုမွေးမြူကြသည်။ ဒေသကြက်မွေးသည့် အိမ်ထောင်စုမှာ တစ်ရွာလုံး၏၁၆%သာရှိပြီးဈေးကွက်တွင်ဝယ်လိုအားရှိသည်။၂၀၁၆-၂၀၁၇လပိုင်းတွင်

ကျေးရွာတွင်းရှိဝက်များမှာ တုပ်ကွေးရောဂါဖြစ်ပွားကူးစက်ခဲ့ပြီး ထိခိုက် သေဆုံးမှုများ ဖြစ်ပေါ်ခဲ့သည်။နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကုဦးစီးဌာနမှ ရရှိနိုင်သော်လည်း လွှမ်းခြုံဆောင်ရွက်နိုင်မှု လွန်စွာအားနည်းသည်။ မွေးမြူရေးလုပ်ငန်းဆိုင်ရာ အဟာန့်အတားများအနေဖြင့်ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင်တိုးချဲ့ဆောင်ရွက်ရန်အစိုးရချေးငွေများမရရှိနိုင်ပါ။ ရွာထဲမှ ငွေချေးသူများနှင့် ပုဂ္ဂလိကချေးငွေလုပ်ငန်းများတွင် ချေးငှားလျှင်လည်း အတိုးနှုန်းမှာမြင့်မားသောကြောင့် အဆင်ပြေခြင်းမရှိပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင်အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းများမရှိပါ။အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်သမား၊ဈေးရောင်း၊လက်သမားနှင့် အစိုးရ ဝန်ထမ်းတို့ဖြစ်ကြသည်။ လက်လုပ်လက်စားအများစုသည် စိုက်ပျိုးရာသီများတွင်သာ အလုပ်ကိုင်များပြီးချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေ မမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးသည့်အတွက် ကျောက်မှော်၊ရွှေမှော်များတို့ သွားရောက်လုပ်ကိုင်လျှက်ရှိသည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားပြီးထိုအခြေအနေမှာကျေးရွာစီးပွားတိုးတက်ရန် အလားလာကောင်းတရပ်ဖြစ်ပါသည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်သော အပ်ချုပ်၊ဆံပင်အလှပြင်၊မော်တော်ဆိုင်ကယ်ပြင်၊ဝပ်ရှော့ စသည်တို့ကို သွားရောက်သင်ယူနိုင်သော်လည်းငွေကြေးအခက်ခဲများကြောင့်သင်ယူမှုနည်းပါးသည်။ လုပ်ငန်းသုံးပညာအရည်အချင်းပိုင်းတွင်လည်း နိမ့်ကျလျှက်ရှိပြီး သင်တန်းစရိတ် အကုန်ကျခံရန်နှင့်လုပ်ငန်းထူထောင်ရန်ငွေကြေး တတ်နိုင်ခြင်းမရှိကြပါ။ ငွေကြေးတတ်နိုင်သောမိသားစုများမှာလည်းအသေးစားစက်မှုလုပ်ငန်းများလုပ်ကိုင်နိုင်ရန်လိုလားနေကြသည်။

## (ဃ) **သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင်စပါးစိုက်ခင်းများတွင်ဖျက်ပိုးများကျရောက်ခဲ့ခြင်းများကြောင့် ဓါတုပိုးသတ်ဆေးနှင့်ဓါတ်မြေဩဇာများကို အမြောက်အများ သုံးစွဲရသဖြင့်ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကို ပိုမိုသုံးစွဲရမှုများရှိလာ သောကြောင့် စိုက်ပျိုးရေးကုန်ကျစရိတ်များပိုမိုသုံးစွဲရ၍ ကုန်ကျစရိတ်များပြားလျှက်ရှိသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ဗူးခွံများကို အမှိုက်ကျင်းများတူး၍ စနစ်တကျ စွန့်ပစ်ခြင်းမရှိဘဲ ရေချောင်းအတွင်းသို့ အလွယ်တကူ စွန့်ပစ်တတ်ကျသဖြင့် ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။

သဘာဝသယံဇာတများထုတ်ယူရာတွင် ကျေးရွာနှင့်နီးစပ်ရာသစ်တော များမှ သစ်ဝါးများကို စည်းကမ်းမဲ့ အလွန်ကျွံခုတ်ယူခြင်းများကြောင့် သစ်တောပြုန်းတီးမှုမြင့်မား လျှက်ရှိပြီးဂေဟစနစ်ပျက်စီးမှုများကြောင့် ရာသီဥတုမမှန်ခြင်း၊ ရေခန်းခြောက်ခြင်း များနှင့်အပူချိန်မြင့်မားလာခြင်းတို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို ထိခိုက်လာနိုင်ပါသည်။ကျေးရွာအနီးတွင်ချောင်းကြီးများမရှိသဖြင့်ရေကြီးခြင်းများ ခံစားရခြင်းမရှိပါ။ တခါတရံတွင် စိုက်ပျိုးရာသီတွင် မိုးခေါင်တတ်ပြီး ရိတ်သိမ်းချိန်တွင် အချိန်ခါမဟုတ် မိုးရွာသွန်းခြင်းများကဲ့သို့သော သဘာဝဘေးများ ကြုံတွေ့ရတတ်သည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို တစ်နှစ်အတိုးနှုန်း ၅ ကျပ်တိုး၊တစ်ဧက တစ်သိန်းကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ကျေးရွာရှိ ငွေတိုးချေးသူများထံမှ ငွေ၊စပါးတို့ကိုလည်းချေးယူကြသည်။ငွေများချေးယူရာတွင် အတိုးနှုန်း ၃၀%မှ၅၀% ထိချေးယူကြရသည်။စပါးကိုချေးယူရာတွင်တစ်တင်းအတိုးနှုန်းမှာ တစ်ခွဲနှင့်တစ် တင်းပြန်လည်ပေးဆပ်ကြသည်။

ကျေးရွာသားအများစုသည်ချေးငွေကို အကြောင်းရင်းမျိုးစုံ(ရိက္ခာ၊ ကျန်းမာရေး ၊ပညာရေး)တို့အတွက် ချေးယူကြပြီး အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူမှု ပိုမိုများပြားပြီးချေးငွေလိုအပ်ချက်မြင့်မားသည်ကိုတွေ့ရသည်။ ကျေးရွာတွင်း လေ့လာတွေ့ရှိချက်အရအကြွေးတင်ရှိမှုတွင်ဆင်းရဲနှင့်အလွန်ဆင်းရဲသော အိမ်ထောင်စုအားလုံးမှာ အကြွေးတင်ရှိခြင်းများရှိကြောင်းတွေ့ရှိရသည်။

## (စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းနှင့်အလယ်တန်းကို ၁၂၀ပေ၊၃၀ပေ၊၂၄ပေအရွယ်ရှိ RC နှစ်ထပ်ကျောင်းဆောင်တွင် သင်ကြားလျှက်ရှိသည်။ရွာသားအားလုံး၏ စာမတတ်သူဦးရေမှာ (၁.၇)%ရှိပြီး၊၃.၈% မှာ ဘုန်းကြီးကျောင်းပညာရေးကို တတ်မြောက်ထားကြသည်။ကျောင်းတွင်အလယ်တန်းပညာကိုအနီးရှိကျေးရွာများမှတက်ရောက်ကြသည်။ ကျောင်းတွင်းပရိဘောဂပစ္စည်းများ လုံလောက်ခြင်းမရှိပါ။ကျေးရွာတွင် မူကြိုကျောင်း ဆောက်လုပ်ထားရှိနိုင်ခြင်းမရှိသေးပါ။မူလတန်းပြ ဆရာမ(၅)ဦးနှင့် အလယ်တန်းပြ ဆရာမ(၆)ဦးစုစုပေါင်း၁၁ဦးဖြင့်သင်ကြားနေပါသည်။ ကျောင်းတွင်ဆရာတပည့်အချိုးသည်မူလတန်းတွင်(၈၉)၊အလယ်တန်းတွင်(၁၀၉)ရှိပြီး၊အလယ်တန်းတွင်ဆရာအင်အားလုံလောက်သော်လည်းမူလတန်းတွင် ဆရာအင်အားလုံ လောက်မှုမရှိကြောင်း သိရ

သည်။မူလတန်းနှင့်အလယ်တန်းတွင်ဆင်းရဲ၍ကျောင်းမတတ်နိုင်သူမရှိပါ။ မူလတန်းဆင့်တွင်ကျောင်းထွက်နှုန်းမရှိပါ။ ကျောင်းဖွင့်ရာသီတွင် စာအုပ်များထောက်ပံ့ မှုရှိသော်လည်း အားကစားပစ္စည်းများ လုံလောက်ခြင်း မရှိပါ။ရပ်ဝေးမှ လာရောက် သင်ကြားပေးနေသောဆရာ၊ဆရာမများအတွက်ဝန်ထမ်းအိမ်ယာမရှိသဖြင့်နေထိုင်ရေးခက်ခဲလျှက်ရှိသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲကျန်းမာရေးဆေးပေးခန်းရှိပါသည်။ ကျေးရွာသည် နမ္မားတိုက်နယ်ဆေးရုံ၊မိုးညှင်းကုတင် တစ်ရာဆေးရုံတို့ကိုသွားရောက်ကုသနိုင်သဖြင့် ကျန်းမာရေးဝန်ဆောင်မှုလက်လှမ်းမီသည်။ သောက်ရေ အတွက် လက်နှိပ်တုံကင်၊ ရေတွင်းများကို သုံးစွဲကြပြီး လုံလောက်မှုရှိသည်။ချမ်းသာသောမိသားစုများမှာ အိမ်သာကျင်းကို အုတ်ဖြင့်ဆောက်လုပ်ထားပြီး ကြွေခွက်အိမ်သာများ သုံးစွဲလျှက်ရှိသည်။ ဆင်းရဲသောမိသားစုမှာ ဝါးထရံ၊ပျဉ်တို့ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ ယင်လုံအိမ်သာများကို တစ်ရွာလုံးနီးပါး သုံးစွဲကြသောကြောင့် ကူးစက် ရောဂါဖြစ်သော ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားမှုနည်းပါးသည်။ စာသင်ကျောင်း တွင်လည်း ကျောင်းအိမ်သာများမှာ အုတ်ဖြင့်တည်ဆောက်ထားပြီး ကျောင်းသား/သူ များ အလွယ်တကူအသုံးပြုနိုင်ပြီးကောင်းမွန်သည်။သုံးစွဲရေအတွက် စိမ့်စမ်းရေသွယ် မှ အသင့်အတင့်ရရှိသည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်နေရာများမရှိပါ။ သူတို့သည် ကျေးရွာလူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း တက်ကြွစွာပါဝင်လျှက်ရှိသည်။ရိုးရာ၊ယဉ်ကျေးမှုများထိန်းသိမ်းထားခြင်းမရှိပါ။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့်ဖွံ့ဖြိုးရေးလုပ်ငန်းများမရှိသေးပါ။

## (ဇ) အခြေခံအဆောက်အဦး –လမ်း၊တံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာရှိ ရွာတွင်းလမ်းမှာ ကွန်ကရစ်လမ်းဖြစ်ပြီးကောင်းမွန်ပါသည်။ ချဉ်းကပ်လမ်းမှာ၁.၆မိုင်ခန့်ရှည်လျားပြီးမြေသားလမ်းဖြစ်ကာမိုးတွင်းရာသီတွင်သွားလာရေးခက်ခဲလျှက်ရှိသည်။လမ်းပန်းဆက်သွယ်ရေးအတွက် ထော်လာဂျီ(၃၂)စီး၊ ဆိုင်ကယ် (၂၈၆)စီး ၊ စက်ဘီး ၁၅၆ စီးတို့ကိုအသုံးပြုလျှက်ရှိသည်။

ကျေးရွာတွင် လျှပ်စစ်မီးကို ၂၀၁၅ခုနှစ်မှစတင်၍ဆက်သွယ်ထားရှိပြီး ကျေးရွာအိမ်ထောင်စုအားလုံး၏ ၅၆.၅%သာ အသုံးပြုနိုင်သေးသည်။ ကျေးရွာတွင် မိုဘိုင်း

ဖုန်းဆက်သွယ်ရေးကိုဈေးကွက်နှင့်အခြားလူမှုလုပ်ငန်းများအတွက်လက်လှမ်းမီအသုံးပြုနိုင်သည်။အင်တာနက်အသုံးပြုနိုင်မှုမှာအသင့်အတင့်ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက်ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင်စာကြည့်တိုက်ထားရှိနိုင်ခြင်းမရှိသေးပါ။ရွာသားများသည်သတင်းစာ၊ဂျာနယ်တို့ကိုအနည်းငယ်ဝယ်ယူဖတ်ရှုခြင်းများရှိပြီး တစ်ရွာလုံးအတိုင်းတာဖြင့် တယ်လီဖုန်းနှင့် သတင်း ဆက်သွယ်ရေးမှာ အသင့်အတင့်ကောင်းမွန်ကြောင်းတွေ့ရသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင်ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းသော်လည်း ယခုနှစ်ပိုင်းတွင် မူးယစ်ဆေးနှင့်ပါတ်သက်သောရာဇဝတ်မှု အနည်းငယ်ဖြစ်ပွားခဲ့သည်ကိုတွေ့ရသည်။မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ပြီးလိုအပ်သော သတင်းအချက်အလက်များကို လိုအပ်သလို ဆက်သွယ်ရရှိနိုင်သည်။ အာမခံစနစ်များ ကိုလက်လှမ်းမီခြင်းမရှိသေးပါ။ ရွာသားများသည် ရဲစခန်းများသို့အလွယ်တကူ ချိတ်ဆက်နိုင်ပြီးရာဇဝတ်မှုဖြစ်ပွားခြင်းနည်းပါးသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတား နှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင်လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာသည့် လျှပ်စစ်မီးဖိုဖြင့် ချက်ပြုတ်ခြင်း၊ ကျောင်းသူကျောင်းသားများ အတွက် စာဖတ်ရန်အထောက်အပံ့ဖြစ်ခြင်းစသော လူနေမှုအဆင့်အတန်းမြင့်မားလာစေရေးအတွက် အထောက်ကူပြုနေသည်။

လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏ ၆၈% မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ဘွဲ့ရအရေအတွက်အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့်သက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းမြစ်များကို တိုးတက်ကောင်းမွန်စေနိုင်ပါသည်။ သဘာဝအရင်းမြစ်များတွင်လယ်ယာမြေများသည်မြေပြန့်ဖြစ်ပြီး၊ မြေဆီသြဇာအသင့်အတင့်ကောင်းမွန်သည်။ တောင်သူများအနေဖြင့် လယ်ယာထွက်ကုန်များကိုအလွယ်တကူသယ်ယူ ပို့ဆောင်နိုင်ကြသည်။ကျေးရွာတွင် တောင်ယာမြေများသည်လည်းမြေဆီသြဇာ ကောင်းမွန်ကြသည်။ မိုးရွာသွန်းမှုမှာ စပါးနှင့် ဆောင်းသီးနှံများအတွက် အထောက်ပံ့ဖြစ်သည်။

ကျေးရွာအနီးရှိ ချောင်းသည် စိုက်ပျိုးမြေ အားလုံးနီးပါးအတွက်ရေသွင်း စိုက်ပျိုးရန် အထောက်ကူပြုလျှက်ရှိသည်။မိုးညှင်းမို့သို့ ကတ္တရာလမ်းဖြင့် လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်သည်။ လမ်းပန်းဆက်သွယ်ရေးအသင့်အတင့်ကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မှီ တင်ပို့ရောင်းချနိုင်သည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်မှအပ အခြား သယံဇာတများမထွက်ရှိပါ။လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်ရပေမည်။မြေဆီဩဇာများခမ်းခြောက်၍ သဘာဝမြေဩဇာနှင့်ဓါတ်မြေဩဇာကိုအသုံးပြုကြရပါသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နှင်းရေးနှင့် ပါတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသောအစီအစဉ်မရှိသေးပါ။တောင်သူများအနေဖြင့်ဘက်စုံပိုးမွှားနှိမ်နှင်းရေးကျင့်သုံးနိုင်ရေးအထောက်အပံ့များရရှိရန်လိုအပ်သည်။ ကျေးရွာတွင်ငွေတိုးချေးသူ များရှိသော်လည်းအတိုးနှုန်းမှာမြင့်မားတတ်သည်။

ကျေးရွာတွင် ချေးငွေနှင့်ငွေကြေး ဝန်ဆောင်မှုများရှိပြီး ပုံစံ(၇)ရလယ်စားများသာ ငွေကြေးအချိန်မှီရရှိပြီး (၀ss) စားများသည် စိုက်ချိန်မမှီ၍ အခက်အခဲရှိပါသည်။ ထုတ်ချေးငွေနှင့် လယ်ယာသုံးကုန်ကြငွေမှာ မညီမျှသဖြင့် လယ်သမားများ အခက်ကြုံနေရပါသည်။ သွင်းအားစုဈေးကွက်မှာ ဈေးနှုန်းမြင့်မားသောကြောင့် လုံလောက်စွာသုံးစွဲနိုင်မှုမရှိပါ။ထုတ်လုပ်မှုဈေးကွက်တွင်စပါးကောင်းမွန်ပါသည်။ ဘဏ်များမှကျေးရွာအရောက်ဝန်ဆောင်မှုပေးသော စနစ်လည်း မရှိပဲချေးငွေလိုအပ်သောအိမ်ထောင်စုများမှာစီးပွားရေးဘဏ်များမှငွေချေးရန် စာရွက်စာတမ်း လိုအပ်ချက်များ ဖြည့်စွက်ရာများတွင် အခက်အခဲကြုံတွေ့ရတတ်သည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေပုံမှန်ရရှိရေးအတွက်အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအတွက်ကုန်ကြမ်း၊တတ်သိပညာအထိအတွေ့တို့အားနည်းပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က-၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှု မြှင့်တင်ခြင်းအလုပ်အကိုင်များ ဖန်တီးခြင်း၊သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။

(က-၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က-၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးမှု စီမံခန့်ခွဲမှု ယန္တရားတိုးတက်လာရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည်အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ထိုမှတစ်ဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကိုနိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလ

အတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့်ဘတ်ဂျတ်ပမာဏပါဝင်သည့်နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံ ချက်ပြင်ဆင်ရန်ဖြစ်သည်။

## (ခ) စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် စပါးအပြင် နှမ်းကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာနှိမ်နင်းရေးအတွက် နည်းစနစ်ရရှိရေး လိုအပ်သည်။ဖျက်ပိုးနှိမ်နင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိက အရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာတောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။နည်းပညာအသုံးပြုပုံများအပါအဝင် ပိုးမွှားများ နှိမ်နင်းရေးနည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

## (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။အထူးသဖြင့် လယ်သမားနှင့်အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့်ချေးငွေလိုအပ်ပါသည်။ကျေးရွာတွင် သမဝါယမအသင်းဖွဲ့စည်းထားပါသည်။ရွာတွင်အထူးသဖြင့် လယ်သမားနှင့်အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက်အထိုက်အလျောက်များပြားသည့်ချေးငွေလိုအပ်ပါသည်။ကျေးရွာတွင် သမဝါယမ အသင်းဖွဲ့စည်းထားပါသည်။ရွာတွင် မြစိမ်းရောင်ငွေစုချေးကိုလည်း ရရှိရေးအတွက် ကျေးလက်ဦးစီးကိုတင်ပြတောင်းဆိုပါမည်။

(ဂ-၁) ကျေးရွာတွင် အရင်းအနှီးငွေ၊နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီးစိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားပြီ။ အသေးစားငွေကြေးလုပ်ငန်းနှင့်ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာအခြားနေရာများနှင့်ချိတ်ဆက်ပေးမည့်အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာများများထွန်းကားလာရေးအတွက် စိုက်ပျိုးရေး

မွေးမြူရေးနည်းပညာသင်တန်းများတက်ရောက်နိုင်ရေးအတွက်သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။သင်တန်းတက် ထားသူများက တဖန် ကျေးရွာတွင်ရရှိထားသောနည်းပညာများကို မျှဝေပေးပြီး မိမိတို့ ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှုတိုးတက်စေမည်။

(ဂ-၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ဇာထိုး၊ပန်းထိုး၊ယိုနှင့်မုန့်လုပ်နည်း၊ဆံပင်ညှပ်၊စက်ပြင်မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းသားများကို တက်ရောက်နိုင်ရန်စီစဉ်ပေးမည်။ ထိုသင်တန်းသားများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန်အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့်ချိတ်ဆက်ပေးမည်။

(ဂ-၃) ကျေးရွာတွင် စာသင်ကျောင်း၏ ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းတစ်ဆောင်ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်းတိုးမြင့်လာရေးအတွက် ဆောင်ရွက်မည်။ ပညာရေးဌာနနှင့်ချိတ်ဆက်ပြီး အထက်တန်းကျောင်းခွဲတွင် ဘာသာရပ်အလိုက် ကျွမ်းကျင်မှုပြည့်ဝသော ဆရာ/မ ခန့်ထားရရှိနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

(ဂ-၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့်ကျေးရွာဈေးဆောက်လုပ်ကာ ကျေးရွာ၏ အခြေခံအဆောက်အဦများကို တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ တချိန်တည်းတွင် ကျေးရွာအဆောက်အဦများကို အသုံးပြုစီမံခန့်ခွဲထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင်ဆောင်ရွက်သွားကြမည်။ကျေးရွာသူမှာအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန်ခေါင်းဆောင်မှုစွမ်းရည်များပိုမိုရရှိအောင် ဆောင်ရွက်ရာတွင်လည်း တိုးတက်အောင်ဆောင်ရွက်သွားကြမည်။ကျေးရွာမှ အဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကိုအကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင်ဆောင်ရွက်ရာတွင်လည်း တိုးတက်အောင်ဆောင်ရွက်သွားကြမည်။ ကျေးရွာအဖွဲ့အစည်းများကိုလည်းကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန်ခေါင်းဆောင်မှုစွမ်းရည်များပိုမိုရရှိအောင်ဆောင်ရွက်ရန်တိုက်တွန်းအားပေးဆောင်ရွက်မည်။

**(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့်အလားအလာရှိပြီး အလုပ်အကိုင်နှင့်အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ဈေးကွက်၊သတင်းအချက်အလက်များလက်လှမ်းမီမှုတွင်အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများကုန်ထုတ်ခြင်း၊ စက်မှု၊ လက်မှုလုပ်ငန်းအတွက် လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန်ခက်ခဲပါသည်။ ကျွန်မတို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက်အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များယခုအခါ အဆင်သင့်မတွေ့ရသေးပါ။နိုင်ငံတော်အစိုးရအနေဖြင့်လည်းစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု အဖွဲ့တစ်ဖွဲ့ထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေး အောက်တွင်ထားရှိကာတစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေး ဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး၊မြို့နယ်ဒေသမှသည် ကျေးရွာအထိ လိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်းရှိရပါမည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ်သဘောထား နားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသောပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာအဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလဖော်ထုတ်ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်းဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလိုပြောင်းလဲ

မှုမရှိနိုင်ဘဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မှုဘောင်အတွင်းနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊စီမံချက်များကို စီမံချက်ဆိုင်ရာ အချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(functional classification) ဖြင့် ဝန်ကြီးဌာနများ၊ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍အုပ်စုသတ်မှတ်ခြင်း(Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန်အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Function classification) ဝန်ကြီးဌာနများ၊ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍအပိုင်းအခြားများကိုသိရှိစေနိုင်သည်
ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှနည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုး

ရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများ မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည် ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှတ်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ ကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည်ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကို အဓိကယူပါမည်။အဖွဲ့အစည်းအသီးသီး ကော်မတီအသီးသီးအားတာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ဥပမာ– မိဘဆရာအသင်းသည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်း မွန်တိုးတက်ရန်တာဝန် ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာ လယ်ယာ ကုန် ထုတ်လမ်း အဆင့်မြင့်ခြင်းလုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာအဖွဲ့အစည်းများက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည် ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုး ရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်း ရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင် မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ဥပမာ–မိဘ ဆရာအသင်းသည် မူလတန်း ပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင် ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့် တင်ရန်မြို့နယ် ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

### (ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းအများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။

-ဆောက်လုပ်ရေး၊ကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက်ကန်ထရိုက်များ

-စိုက်ပျိုးရေး၊မွေးမြူရေးစသည့် သင်တန်းများအတွက်နည်းပညာဆိုင်ရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှု ပေးသည့်အဖွဲ့များ နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ပုဂ္ဂလိက အဖွဲ့အစည်းများ၊လူထုအဖွဲ့အစည်းများ ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်ပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ကတာဝန်ပေးအပ်ထားသောအဖွဲ့ခွဲ၏တာဝန်သာဖြစ်ပါသည်။အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူပါမည်။ဤ ကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့်နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင်အသုံးပြုသူများထံမှအသုံးပြုခကောက်ခံခြင်း၊စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကိုဆောင်ရွက်မည်။ထို့အပြင်တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ပမာဏတို့ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများ သတ်မှတ်သည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲအား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘ ဆရာအသင်းစသည်ဖြင့်ဆောင်ရွက်ပါမည်။

၁၁။ **စီမံကိန်းအား စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါသည်။ အစကနဦး၌ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကိုရိုးရှင်းလွယ်ကူသော နည်းလမ်း

များဖြင့်ဆောင်ရွက်ပါမည်။သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ဤသို့ ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ် လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှုနှင့်ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကို စနစ်တကျကြီးကြပ်စစ်ဆေးပါမည်။၄င်းစစ်ဆေးခြင်ကို (၃) လလပတ် အစီအစဉ်ဖြင့်ဆောင်ရွက်ပါမည်။ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက်တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက်စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်းများဖြစ်ပါမည်။(၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့် အဖွဲ့ခွဲအသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။(၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ်ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

-စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့်ပြီးမြောက်မှုအတိုင်းအတာ

-အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့်ပြုပြင်သင့်သောအဆိုပြုချက်များ

-ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

-ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု(မူလလျာထားချက်နှင့်နှိုင်းယှဉ်ရန်)

-(၃) လပတ်ကုန်တွင်ရှိသော ငွေသားနှင့်အခြားပစ္စည်းလက်ကျန်၊
-ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
-ငွေကြေး စုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြု နည်းလမ်းများ၊
ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့်သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံစာ ပေးပို့ပါမည်။အစီရင်ခံစာသည် စာမျက်နှာ၂-၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ လိုအပ်သော အကူအညီအထောက်အပံ့များ စသည်တို့ပါဝင်ပါမည်။

## (ခ) **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကဲဖြတ်ပွဲ**

